ကွယ်လွန်သူ ဦးကျော်လှိုင် ကို

ရည်စူး၍

ဒေါ်တင်ဌေးနှင့်

သား, သမီး, မြေးတစ်စု

အင်းတကော်၊ ပဲခူးမြို့မှ

ဓမ္မဒါန ပြုပါသည်။

# အရှုံးထဲက အမြတ်

သာမဏေကျော်



http://www.dhammadownload.com

# အရှုံးထဲက အမြတ်

သာမဏေကျော်

http://www.dhammadownload.com

နေ့ဆွမ်းစားတစ်ခု ရှိလို့ ရိပ်သာပြင်ကို ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာဆရာတော်နဲ့အတူ သွားခဲ့တယ်။ ဆရာတော်က ကားရှေ့ပိုင်းမှာ၊ စာရေးသူက ကားနောက်ပိုင်းမှာ စီးသွားခဲ့တယ်။ ကားပေါ်မှာ ဆရာတော်က သူ့မှတ်စုစာရွက်လေးပေါ်မှာ ကူးရေးယူခဲ့တဲ့ သုတ်လေး တစ်သုတ်ကို ပေးပြီး 'ဒီသုတ်လေးကို တွေ့ဖူးလား' လို့မေးကာအဖတ်ခိုင်းပါတယ်။ သုတ်လေးရဲ့နာမည်က 'တယောဓမ္မ' တဲ့။ အင်္ဂုတ္တရနိကာယ်, ဒသကနိပါတ်မှာ ပါတယ်။ စာမျက်နှာနံပါတ်က (၃၇၀) တဲ့။ စာရေးသူက အဲဒီသုတ်ပါဠိကို အကြမ်းဖျင်း ခပ်မြန်မြန်ပဲ ဖတ်လိုက်ပါတယ်။

http://www.dhammadownload.com


ဆရာတော်က အဲဒီသုတ်ပါဠိရဲ့ အဓိပ္ပာယ်ကို သူကိုယ်တိုင်ပဲ ရှင်းပြပါတယ်။

'ဘိက္ခုတို့ ... ဖြစ်, အို, သေ ဆိုတဲ့ ဒီတရား (၃)ပါးသာ လောကမှာ မရှိခဲ့ရင် ဝါသနာနဲ့တကွ တစ်ထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူတဲ့ သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို သူတစ်ပါးထံ နည်း မခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်စွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူတဲ့ မြတ်စွာဘုရားဟာ လောကမှာ ပွင့်ထွန်းတော်မူမလာရာ၊ မြတ်စွာဘုရား ဟောကြားအပ်တဲ့ ဘဝအဆင့်မြှင့်ပေးတဲ့ ဓမ္မနဲ့ လူ့ယဉ်ကျေးမှုပေးတဲ့ ဝိနယဟာ လောကမှာ မထွန်းပ,လာရာ။'

'ဘိက္ခုတို့ ... ဖြစ်, အို, သေ ဆိုတဲ့ တရား(၃)ပါးတို့လောကမှာရှိကြလို့သာဘုရားရှင် ပွင့်ထွန်းတော်မူလာတယ်။ တရားဟာ လောကမှာ ထွန်းပ,လာတယ်။'

စာရေးသူတို့ သွားရမယ့်ကိစ္စက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်း မိုက်ကယ်အဲရစ်ရဲ့

http://www.dhammadownload.com


(၇)ရက်လည်ဆွမ်းစားကိစ္စ ဖြစ်ပါတယ်။ ရက်လည်တရားကို ဆရာတော်ဟောကြားခဲ့တဲ့ အကြိမ်ပေါင်းများစွာထဲမှ ဒီတရားလေးကို တစ်ခါမှ ဟောကြားတာမကြားနာခဲ့ဘူးပါ။ ဒီတရားလေးဟာ ရက်လည်တရားနဲ့လည်း ဆီလျော်ပါတယ်။ 'ဘုရားနဲ့ တရားလောကမှာ ပွင့်ထွန်းလာတာဟာ ဖြစ်၊ အို၊ သေတရားတွေကြောင့်' ဆိုတဲ့ တရားကို ကြားရတော့သတ္တဝါတိုင်း မလိုလားအပ်တဲ့ ဖြစ်၊ အို၊ သေတရား (၃)ပါးကိုပဲ ကျေးဇူးတင်ရမလိုလို ဖြစ်နေပါတယ်။

ဆရာတော်က ဖြစ်၊ အို၊ သေ တရားတို့နဲ့ပတ်သက်ပြီး ဘုရားအလောင်းတော် သုမေဓာရသေ့ရဲ့ အတွေးကိုလည်း ပြောပြပါသေးတယ်။

'အပူ ရှိရင် အအေး ရှိရမယ်၊ မကောင်းတာ ရှိရင် ကောင်းတာ ရှိရမယ်၊ ဆင်းရဲ ရှိရင်ချမ်းသာ ရှိရမယ်၊ ဒီလိုပါပဲ၊ ဖြစ်တာ ရှိရင် မဖြစ်တာ ရှိရမယ်၊ အိုတာ ရှိရင် မအိုတာ ရှိရမယ်၊ သေတာ ရှိရင် မသေတာ ရှိရမယ်၊ မဖြစ်၊ မအို၊ မသေတာကို ရကြောင်း နည်းလမ်းလည်း ရှိရမယ်၊

http://www.dhammadownload.com


မဖြစ်၊ မအို၊ မသေတဲ့ တရားကို ရအောင် ရှာမိုးမယ်' တဲ့။

သုမေဓာရသေ့လေးရဲ့ အတွေးကို လေးလည်း လေးစားမိသလို၊ ကျေလည်း အလွန်တရာမှ ကျေနပ်မိပါတယ်။ အလင်းရောင်လွှမ်းတဲ့ သူ့အတွေး၊ စူးရှလှတဲ့ သူ့အတွေး၊ နက်နဲထူးခြားလှတဲ့ သူ့အတွေးကို ဘယ်မှာ မလေးစား၊ မကျေနပ်ဘဲ ရှိမလဲ။ အဲဒီ အလင်းရောင်လွှမ်းတဲ့ အတွေးကြောင့်ပဲ လောကကြီးဟာ အလင်းရောင် လွှမ်းခဲ့ရတယ် မဟုတ်ပါလား၊ လောကကြီးမှာ အမှောင်ကင်းပြီး အလင်းရောင် ထွန်းပြောင်ခဲ့တယ် မဟုတ်ပါလား။

အများအကျိုးသယ်ပိုးရန် စိတ်ထက်သန်တဲ့ ဆရာတော်က ယောက်ျားအာဇာနည်တစ်ဦးဖြစ်သူ သုမေဓာရသေ့ရဲ့ ဒီစိတ်ထားကိုလည်း အလွန်ပဲ အားရကျေနပ်ကာ ကြည်ညိုလေးစားလှပါသတဲ့။

'ကိုယ့်စွမ်းအားကို သိမြင်တဲ့ ငါလိုယောက်ျားတစ်ယောက်က တစ်ယောက်တည်း

http://www.dhammadownload.com


သံသရာရေယဉ်ကြောကို ကူးခတ်လွန်မြောက်ရုံမျှနဲ့ ငါ့မှာ ဘာအကျိုးရှိမှာလဲ။ သဗ္ဗညုဘုရားရှင်အဖြစ် ရောက်ပြီး လောကသားတွေကို သံသရာရေယဉ်ကြောမှ လွန်မြောက်အောင် ဆောင်ရွက်မယ်' တဲ့။

ကိုယ် လွတ်ရင် ပြီးရောလို့ ကိုယ်လွတ်ရုံ ရုန်းတတ်တဲ့ စိတ်ထားမရှိတဲ့ သုမေဓာကို အများအကျိုး သယ်ပိုးလိုတဲ့ စိတ်ထားရှိသူတိုင်းဟာ လေးစားကြမှာပါပဲ။ အများအကျိုး သယ်ပိုးလိုသူတိုင်းအတွက် သုမေဓာဟာ အကောင်းဆုံး စံနမူနာပဲ ဖြစ်ပါတယ်။ ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ သူတစ်ပါးအကျိုးကို ရှေးတန်းတင်တဲ့ သုမေဓာလို စိတ်ထားရှိသူတွေဟာ လောကကြီးမှာ ရှိနေသမျှ လောကကြီးဟာ သာယာစိုပြည်နေမှာပါပဲ။

ဆရာတော် ပြောပြတဲ့ စကားလေးကို နားထောင်ရင်း စာရေးသူရဲ့ စိတ်ထဲမှာ အတွေးပေါ်လာပါသေးတယ်။

'ဆရာတော်က ပွဲမဝင်ခင် ပြင်ပက ကျင်းပဆိုတာမျိုးလို ငါ့ကို အစမ်း ကြိုတင်ဟောပြောပြနေတာလား' လို့။

http://www.dhammadownload.com


ဆရာတော်က တကယ်ပွဲဝင်တော့ တယော ခမ္မသုတ်ရဲ့ အဓိပ္ပာယ်လေးကို ရှေးဦးစွာ ရှင်းပြပါတယ်။ ပြီးမှ ဒီစကားလေးတွေကို ဆက်ပြီး မိန့်တော်မူပါတယ်။

'တောမီးကြီး လောင်နေတယ်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာက လောင်လာတယ်၊ တောကောင်၊ သားကောင်လေးတွေဟာ ဘယ်လိုမှ လွတ်အောင်ပြေးလို့ မရတော့ဘူး၊ တောမီးကြီးရဲ့ လောင်စာတွေ ဖြစ်ကုန်တယ်၊ အဲဒီ ဖြစ်၊ အို၊ သေ ဆိုတဲ့ မီးကြီးတွေ သတ္တဝါတိုင်းကို လောင်မြိုက်နေတယ်၊ ဘယ်လိုမှ လွတ်အောင် ရှောင်ပြေးလို့မရဘူး၊ လောက ရှိရှိသမျှ သတ္တဝါတိုင်း အဲဒီ မီးကြီးတို့ရဲ့ အလောင်အမြိုက်ကို ခံနေကြတယ်။ ခုခံကာကွယ်နိုင်တဲ့ စွမ်းရည်၊ လွတ်အောင် ရှောင်တိမ်းပြေးနိုင်တဲ့ စွမ်းဟုန် သတ္တဝါတွေမှာ မရှိကြဘူး၊ သတ္တဝါတွေမှာ ဖြစ်၊ အို၊ သေ ဆိုတဲ့ မီးကြီးတွေရဲ့ အလောင်ခံနေရတာဟာ ဘဝမှာ ရှုံးနေတာပဲ၊ ဖြစ်တယ်ဆိုတာကလည်း အအိုဘက်ကို ရှေးရှုနေတဲ့အတွက် ရှုံးတာပဲ၊ အရှုံး

http://www.dhammadownload.com


ထဲက အမြတ်ရအောင် ထုတ်ယူတတ်ဖို့ အရေးကြီးပါတယ်၊ သုမေဓာရသေ့ဟာ အရှုံးထဲက အမြတ်ထုတ်ယူဖို့ တွေးခဲ့တယ်၊ အမြတ်ထုတ်ယူနည်းကို ရှာကြံခဲ့တယ်၊ မဖြစ်, မအို, မသေတဲ့ တရားဟာ ရှိကို ရှိရမယ်လို့ တွေးခဲ့တယ်၊ အဲဒီတရားကို ရအောင် လုပ်နည်းကိုလည်း ရှာကြံခဲ့တယ်၊ ဒါန စတဲ့ ပါရမီတွေကို ဖြည့်ကျင့်ပြီး ဘုရား ဖြစ်ခဲ့တယ်၊ မဖြစ်, မအို, မသေတဲ့ တရားကို ရခဲ့တယ်၊ သတ္တဝါတွေကိုလည်း အဲဒီတရားကို ရအောင် လုပ်နည်းကို ပေးခဲ့တယ်' တဲ့။ •

ဆရာတော်ရဲ့ တရားဟာ အရှိန်ရလာပါတယ်၊ တရားနာနေကြတဲ့ ရဟန်းရှင်, လူပရိသတ်တွေဟာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေကြပါတယ်၊ စူးစိုက်စွာ နာကြားနေကြပါတယ်၊ တရားနာပရိသတ်ဟာ များပြားလာပေမယ့် တိတ်ဆိတ်ငြိမ်သက်မှု ရှိနေတာဟာ တရားအပေါ် စိတ်ဝင်စားမှု ရှိနေလို့ပဲလို့ တွေးဆမိပါတယ်။ ဆရာတော်က တရားရည်ပြည့်ဝလှတဲ့ မလ္လိကာအကြောင်းကို ပြောပြပါတယ်၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ

http://www.dhammadownload.com


အကြောင်းပါပဲ၊ လောကဓံ ခံနိုင်ရည်အားကောင်းတဲ့ နေရာမှာတော့ မလ္လိကာဟာ တကယ့်ကိုပဲ အတုယူစရာ ကောင်းလှပါတယ်၊ မလ္လိကာအကြောင်းကို စာရှုသူ ကြားဖူးပြီးသားလည်း ဖြစ်ချင်ဖြစ်ပါမယ်၊ မလ္လိကာဟာ ဘယ်လိုလောကဓံနဲ့ ရင်ဆိုင်ခဲ့ရသလဲ၊ ဘယ်လောက်ခံနိုင်ရည် ရှိသလဲဆိုတာကို မလ္လိကာအကြောင်း မကြားဘူးသူတွေဟာ ဆရာတော် ဆက်ဟောတဲ့ တရားကို နာကြည့်ရင် သိလာပါမယ်၊ အလွန်ပဲ အံ့သြစရာကောင်းလှတဲ့ မလ္လိကာပါ၊ သူမလိုလူကတော့ လောကမှာ ရှိတော့ရှိမယ် ရှားမှာပါပဲ၊ ဆရာတော်ရဲ့ ဆက်ဟောတဲ့ တရားကို ဆက်ပြီး ရှုစားကြည့်ပါဦး။

'ကုသိနာရုံမြို့မှာ မလ္လမင်းရဲ့ သမီးတော်ဖြစ်တဲ့ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာဟာ ဗန္ဓုလနဲ့ အိမ်ထောင်သက်တမ်း ကြာခဲ့ပေမယ့် သားသမီး တစ်ယောက်မှ မထွန်းကားဘဲ ရှိနေတယ်၊ ဗန္ဓုလက အမြုံမပဲလို့ ယူဆပြီး မလ္လိကာကို မိဘအိမ်ပဲ ပြန်ဖို့ ပြောခဲ့တယ်၊ မလ္လိကာက ဘုရားရှင်ကို ဖူးမြော်ပြီးမှပဲ အိမ်ကို ပြန်မယ်လို့ ဆုံးဖြတ်ပြီး

http://www.dhammadownload.com


ဇေတဝန်ကျောင်းတော်ကို ဝင်ကာ ဘုရားရှင်ကို ရှိခိုးပြီး ရပ်နေတယ်။

အဲဒီအခါ ဘုရားရှင်က မလ္လိကာကို မေးလို့ မလ္လိကာက ဖြေပါတယ်။

**'မလ္လိကာ … ဘယ်ကို သွားမလို့လဲ'**

'တပည့်တော်ရဲ့ ခင်ပွန်းက တပည့်တော်ကို မိဘအိမ် ပြန်ပို့ပါတယ်ဘုရား'

**'ဘာလို့လဲ … မလ္လိကာ'**

'တပည့်တော်မက သားသမီး မရနိုင်တဲ့ အမြုံမ ဖြစ်နေလို့ပါတဲ့ ဘုရား'

**'မလ္လိကာ … ဒီလိုဆိုရင် မိဘအိမ် ပြန်ဖို့ မလိုဘူး၊ ဗန္ဓုလဆီပဲ ပြန်'** တဲ့။

မလ္လိကာခမျာ သိပ်ပြီး ဝမ်းသာသွားရှာတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး ဗန္ဓုလထံ ပြန်သွားတယ်။

'မလ္လိကာ … ဘာလို့ ပြန်လာတာလဲ'

'မြတ်စွာဘုရားက အပြန်ခိုင်းလို့ပါ'

'အရှည်ကို သိမြင်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တိုင် အကြောင်းကို မြင်ထားတာ ဖြစ်

လိမ့်မယ်’လို့ တွေးပြီး ဗန္ဓုလက မလ္လိကာကို လက်ခံလိုက်ပါတယ်၊ မကြာခင် မလ္လိကာမှာ ကိုယ်ဝန်ရှိလာပါတယ်၊ ဗန္ဓုလက မလ္လိကာကို သာဝတ္ထိကို ခေါ်ထားလိုက်ပါတယ်၊ သားအမြွာပူး မွေးလာတယ်၊ တစ်ကြိမ်မက၊ နှစ်ကြိမ် မကပါဘူး၊ (၁၆) ကြိမ်တိုင်တိုင် သားအမြွာပူးတွေ မွေးပါတယ်၊ သား (၃၂)ယောက် ရလာပါတယ်၊ သား(၃၂)ယောက်လုံးဟာ ရဲစွမ်းသတ္တိ ရှိကြတယ်၊ စွမ်းအားနဲ့လည်း ပြည့်စုံကြတယ်၊ တတ်သင့်တဲ့ ပညာရပ်တွေအားလုံးကိုလည်း ဆုံးခန်းတိုင် တတ်မြောက်ထားကြတယ်၊ သား (၃၂)ယောက်မှာ တစ်ယောက် တစ်ယောက်မှာ ယောကျ်ားအခြံအရံ တစ်ထောင်စီ ရှိကြတယ်၊ အခြံအရံ(၃)သောင်း(၂)ထောင်၊(၃၂,၀၀၀၀)ပေါ့၊ ဖခင်ဗန္ဓုလနဲ့အတူ ဘုရင်ကောသလရဲ့ နန်းတော်ကို သားအဖတစ်တွေ အခစားဝင်လိုက်ရင် မင်းရင်ပြင်ဟာ ပြည့်သွားသတဲ့။

တစ်နေ့တော့ တရားဆုံးဖြတ်ရာဌာနမှာ ကောက်ကျစ်တဲ့နည်းနဲ့ တရားဆုံးဖြတ်ခံရလို့ တရားရှုံးတဲ့ လူတွေက ဗန္ဓုလ အဲဒီ တရားရုံးဌာနကို လာတာ

http://www.dhammadownload.com


တွေ့လို့ တိုင်တန်းကြတာ အသံတွေ အကြီးအကျယ် ဆူညံသွားတယ်၊ တရားဆုံးဖြတ်တဲ့ အမတ်တွေရဲ့ ကောက်ကျစ်တဲ့ တရားဆုံးဖြတ်မှုတွေအကြောင်း ဗန္ဓုလအား ပြောပြကြတယ်၊ ဗန္ဓုလက တရားရုံးကို သွားပြီး အမှုကို စစ်ဆေးကာ အမှန်အတိုင်းဖြစ် အောင် ဆောင်ရွက်ပေးလိုက်တယ်၊ လူထုပရိသတ် ကြီးက တစ်ခဲနက် အသံနဲ့ ကောင်းချီးသြဘာ ထောမနာ ပေးကြတယ်၊ ကောသလမင်းကြီးက 'ဒါ ဘာလဲ' လို့ မေးပြီး အကြောင်းကို သိရလို့ ဝမ်းသာကျေနပ်ကာ တရားဆုံးဖြတ်တဲ့ အမတ် အားလုံးကို ရာထူးက ဖယ်ရှားပြီး ဗန္ဓုလကိုပဲ အဲဒီ ရာထူး ပေးလိုက်တယ်၊ ဗန္ဓုလက အဲဒီအချိန်ကစပြီး အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ပေးတယ်။

အဲဒီအချိန်ကနောက် တရားဆုံးဖြတ်တဲ့ အမတ်ဟောင်းတွေဟာ တံစိုးလက်ဆောင် တစ်ခု တလေမှ မရတော့လို့ သူတို့မှာ လာဘ်တိတ်သွား တယ်၊ ဒါကြောင့် နန်းတွင်းမှာ 'ဗန္ဓုလဟာ မင်း အဖြစ်ကို တောင့်တနေတယ်' လို့ မဟုတ်သတင်း လွှင့်ကာ ကောသလနဲ့ ဗန္ဓုလအကြား သတ်လျှိုကြ

တယ်၊ အဆင်ခြင်ဉာဏ်နည်းတဲ့ ကောသလမင်းက လည်း အမတ်ဟောင်းတွေရဲ့စကားကို ယုံပြီး ဗန္ဓုလ ကို သတ်ပစ်ချင်စိတ်ကို မထိန်းနိုင်အောင် ဖြစ် သတဲ့၊ ဗန္ဓုလကို သူ့နန်းတွင်းမှာပဲ သတ်ပစ်ရင် ကဲ့ရဲ့ပြစ်တင်ကြမှာကို တွေးပြီး ကောသလမင်းက သူလျှိုယောကျ်ားတွေကို နိုင်ငံ အစွန်အဖျားမှာ သောင်းကျန်းစေကာ ဗန္ဓုလကို အခေါ်ခိုင်းပြီး 'ဗန္ဓုလ နိုင်ငံအစွန်အဖျားမှာ သောင်းကျန်းသူတွေ ဖျက်ဆီးနေကြတယ်၊ သင့်ရဲ့ သားတွေနဲ့အတူ သွား ပြီး သောင်းကျန်းသူ သူခိုးတွေကို ဖမ်းခဲ့' လို့ပြောကာ စေလွှတ်လိုက်တယ်၊ '(၃၂)ယောက်သော သားတွေ နဲ့အတူ ဗန္ဓုလရဲ့ဦးခေါင်းကို ဖြတ်ပြီး ယူခဲ့ကြ' လို့ ပြောကာ အခြားစွမ်းအားရှိတဲ့ စစ်သားကြီးတွေကို လည်း ကောသလမင်းက ဗန္ဓုလတို့ သားအဖတို့နဲ့ အတူ လွှတ်လိုက်ပြန်တယ်၊ ဗန္ဓုလက နိုင်ငံအစွန် အဖျားကို ရောက်တယ်ဆိုရင်ပဲ သူလျှိုယောကျ်ား သူခိုးတွေက 'စစ်သူကြီး ဗန္ဓုလ လာသတဲ့' ဟု ပြောကာ ထွက်ပြေးကြတယ်၊ ဗန္ဓုလက နိုင်ငံအစွန် အဖျားကို ပုံမှန်အနေအထားရှိအောင် လုပ်ပြီး ပြန် လာတယ်။

http://www.dhammadownload.com


အကောက်ဉာဏ်ရှိတဲ့ ကောသလမင်းရဲ့ ထောင်ချောက်ကို ဗန္ဓုလဟာ သတိမမူမိရှာဘူး။ ဗန္ဓုလဟာ တစ်ဖက်က လာမယ့် အန္တရာယ်ကို ကြိုတင်တွက်ထားပြီး သတိရှိသင့်တာပေါ့။ ဗန္ဓုလ တို့ သားအဖတစ်သိုက် သာဝတ္ထိမြို့သို့ ပြန်အလာ သာဝတ္ထိမြို့အနီးမှာဗန္ဓုလတို့သားအဖတစ်သိုက်ကို လုပ်ကြံဖို့ အသင့်စောင့်နေကြတဲ့ စစ်သားတွေက ဗန္ဓုလနဲ့ သူ့သားတွေရဲ့ ဦးခေါင်းတွေကို ဖြတ်ကြ တယ်။ ဗန္ဓုလတို့သားအဖတွေ အငိုက်မိသွားကြ တယ်။ အဲဒီ အသတ်ခံကြရတဲ့နေ့မှာ မလိက္ကာက ရဟန်း ငါးရာတို့နဲ့အတူ အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်တို့ကို ဆွမ်းကပ်ဖို့အိမ်ကို ပင့်ထားတယ်။

'သင့်ခင်ပွန်းနဲ့ သင့်သားတွေရဲ့ ဦးခေါင်း တွေကို အဖြတ်ခံရတယ်' လို့ သတင်းပို့တဲ့စာကို အဲဒီနေ့နံနက်ကပဲ မလ္လိကာ ရရှိထားတယ်။ မလ္လိကာ ဟာ အဲဒီအခြေအနေကို သိရပြီး ဘယ်သူ့ကို ဘာမျှ မပြောဘဲ အဲဒီစာကို ရင်ခွင်မှာ ထားကာ ရဟန်း အပေါင်းကိုသာ ပြုစုလုပ်ကျွေးနေပါတယ်။

'ဒီနေရာမှာ မလ္လိကာရဲ့ တည်ငြိမ်အေးချမ်း မှုဟာ ပြောလို့ မယုံနိုင်စရာပါပဲ။ မလ္လိကာလို အမျိုး

http://www.dhammadownload.com


သမီးဟာ တစ်ရာ တစ်ယောက်၊ တစ်ထောင် တစ်ယောက်၊ တစ်သောင်း တစ်ယောက်တောင်ရှိဖို့ လွယ်ချင်မှ လွယ်ပါလိမ့်မယ်၊ သာမန်အမျိုးသမီး ဆိုရင်တော့ အကြီးအကျယ် အော်ဟစ်ငိုကြွေးချင် စရာပေါ့၊ အကြီးအကျယ် မအော်ဟစ်, မငိုကြွေး ရင်တောင် မျက်ရည်လေးတော့ ကျမိကြမှာပဲ။ မျက်ရည်မကျမိတောင်မှ ရင်ထဲကတော့ ကြိတ်ဆွေး ဆွေးနေမိကြမှာပါပဲ။ 'ပိယတော ဇာယတေ သောကော = အချစ်ကြောင့် သောက ဖြစ်ရတယ်' လို့ ဘုရား ဟောထားတာပဲလေ' လို့ ဆရာတော် ဟောတာကို နားထောင်ရင်း စာရေးသူမှာ အတွေး ဝင်နေမိပါသေးတယ်။

မလ္လိကာရဲ့ အလုပ်အကျွေးမတွေက ရဟန်း တွေအား ဆွမ်းလှူပြီး ထောပတ်အိုးကြီးကို သယ် ဆောင်လာကြတဲ့အခါ မထေရ်တို့ရှေ့မှာ ထောပတ် အိုးကြီး လွတ်ကျပြီး ကွဲသွားပါတော့တယ်။ အရှင် သာရိပုတ္တရာက မလ္လိကာအား 'ကွဲတက်တဲ့သဘော ရှိတဲ့အရာဟာ ကွဲတာပဲ၊ တွေးပြီး မပူနဲ့' နှစ်သိမ့် စကား မိန့်ကြားပါတယ်။ မလ္လိကာက ရင်ခွင်ထဲမှ

http://www.dhammadownload.com


စာကို ထုတ်ဆောင်ပြီး 'တပည့်တော်ရဲ့ သား (၃၂) ယောက်နဲ့ ခင်ပွန်းသည်ရဲ့ ဦးခေါင်းတွေကို အဖြတ် ခံရတဲ့အကြောင်း သတင်းပို့တဲ့ စာကို တပည့်တော် ထံ ပေးပို့ခဲ့ကြပါတယ်။ တပည့်တော်ဟာ အဲဒီ သတင်းစကားကို ကြားသိရတာတောင်မှ စိတ် ပူပန်မှု မဖြစ်ခဲ့ပါ။ ထောပတ်အိုး ကွဲတာလောက် ကြောင့်တော့ ဘယ်မှာ ပူပန်ပါ့မလဲ ဘုရား'လို့ လျှောက်ထားတယ်။

ဆရာတော်က မလ္လိကာရဲ့ လောကဓံကို ခံနိုင်ရည်ရှိမှုနဲ့ ပတ်သက်ပြီး ဒီလိုမှတ်ချက်ချပြ ပါတယ်။

မလ္လိကာမှာ ဒီလို ခံနိုင်ရည်ရှိတာဟာ တရားနာကြားရုံမျှဖြင့်လည်း ဟုတ်မှမဟုတ်ဘူး၊ စဉ်းစားဆင်ခြင်ရုံမျှကြောင့်လည်း ဟုတ်မှာမဟုတ် ဘူး၊ သူမဟာ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စတဲ့ ပုဂ္ဂိုလ်တွေထံက တရားကို နာကြားပြီး လက်တွေ့လည်း အားထုတ်ထားတာ ဖြစ်ပါလိမ့် မယ်၊ လက်တွေ့ အားထုတ်မှု မရှိဘူးဆိုရင်တော့ ဒီလိုအခါမျိုးမှာ ဒီလောက် တည်ငြိမ်အေးချမ်းနိုင် အား ရှိဖို့မလွယ်ဘူး' တဲ့။

http://www.dhammadownload.com


ဆရာတော်ရဲ့ မှတ်ချက်ပြုတဲ့ စကားလေးတွေကို ကြားနာရတဲ့အခါ ဆရာတော် မိန့်ကြားထားတဲ့ အောက်ပါ စကားလေးတွေကို သတိရလာမိပါတယ်။

'ကိုယ်ခန္ဓာ ကျန်းမာဖို့ ကိုယ်ခံအင်အား လိုတယ်၊ စိတ်မှာလည်း သန့်ရှင်းချမ်းသာဖို့ အင်အားတွေ လိုတယ်၊ အလိုလိုတော့ ပြည့်မလာဘူး၊ ဈေးယူလို့လည်း အပြည့်မရ၊ မွေးယူမှ ရတယ်၊ သတိပဋ္ဌာန်ဟာ ထိရောက်အောင် ဖြစ်ပွားစေရင် စိတ်အင်အားတွေ အပြည့်ပေးနိုင်တယ်'

'ခန္ဓာကိုယ်က အလုပ်လုပ်ရင် လုပ်သလောက် အင်အားကုန်ခန်းတယ်၊ စိတ်က သတိပဋ္ဌာန်အလုပ် လုပ်ရင် လုပ်သလောက် စိတ်အင်အားတိုးပွားလာတယ်၊ အင်ဂျင်စက်က လည်နေရင် ဘက်ထရီအိုးထဲ ချာဂျင်ဝင်နေသလိုပါပဲ'

'အသက်ကြီးပေမယ့် စိတ်က သေးငယ်နုနယ်နေရင် မကောင်းဘူး၊ သစ်ပင်ငယ်၊ သစ်သီးငယ်တွေဟာ အပူဒဏ်၊ လေဒဏ်၊ နေဒဏ်တို့ကို မခံနိုင်ဘူး၊ ငယ်ရွယ်နုနယ်တဲ့ စိတ်ဟာလည်း ကောင်းဆိုးလောကဓံရဲ့ ဒဏ်ကို မခံနိုင်ဘူး'

http://www.dhammadownload.com


'စိတ်ထားပြုပြင်ရေးမှာ သတိပဋ္ဌာန်တရား ဟာ အလွန်အရေးပါတယ်'

'တရားရှုမှတ်လို့ စိတ်မှာအင်အားတွေ ရှိနေ သူမှာ စိတ်ရဲ့ အကျနဲ့ အကြွကြားမှာ ဘောင်ဘင် ခတ်တာ မရှိဘူး၊ ပစ်တိုင်းထောင်ဘဝကို တည် ဆောက်နိုင်တယ်၊ အကောင်းနဲ့ အဆိုးကြားမှာ ဘက်မျှစွာ ထားနိုင်လာတယ်' တဲ့။

မလ္လိကာက (၃၂)ယောက်သော သူ့ချွေးမ တို့ကို ခေါ်ခိုင်းကာ 'သမီးတို့ ... သမီးတို့ရဲ့ ခင်ပွန်းတွေဟာ ရာဇဝတ်ပြစ်မှု မရှိကြဘဲ သူတို့ရဲ့ ရှေးကံရဲ့အကျိုးကို ရရှိသွားကြတယ်၊ သမီးတို့ ... ဝမ်းမနည်းကြနဲ့၊ မငိုကြွေးကြနဲ့၊ ကောသလမင်း အပေါ်မှာ စိတ်ဆိုးမှု မပြုကြနဲ့'လို့ ဆုံးမစကား ပြောကြားတယ်။

ဘုန်းကြီးက မလ္လိကာရဲ့ တရားပြည့်ဝတဲ့ စိတ်ထားကို သဘောကျတဲ့အပြင် သူမရဲ့ ဩဝါဒ စကားလေးတွေကိုလည်း ကျေနပ်မိတယ်။ သူတို့ရဲ့ ရှေးကံအကျိုးကို ရရှိသွားကြတယ် ဆိုတဲ့ စကား လေးဟာ သိပ်ပြီး အားရစရာကောင်းတယ်၊ သူမရဲ့

http://www.dhammadownload.com


နှလုံးသွင်းပုံလေးဟာ သိပ်ပြီးတော့ မွန်မြတ်လှပါတယ်၊ အထက်တန်းကျလှပါတယ်၊ ယဉ်ကျေးနူးညံ့ပြီး နှစ်သက်ဖွယ်ရာ ဖြစ်ပါတယ်၊ သူမမှာ သောက, ပရိဒေဝမီး အလောင်မခံရသလို သူမရဲ့ ချွေးမတွေကိုလည်း သောက, ပရိဒေဝမီး အလောင်မြိုက် မခံရအောင် ဩဝါဒ ရေစင်ရေအေးနဲ့ ပက်ဖျန်းပေးလိုက်ပါသေးတယ်၊ ဘယ်လောက် ကျေနပ်စရာ ကောင်းသလဲ၊ အပြစ်မဲ့တဲ့ ကိုယ့်ခင်ပွန်းတွေကို သတ်တဲ့ ကောသလမင်းအပေါ် ဘယ်လောက် စိတ်ဆိုးချင်စရာ ကောင်းသလဲ၊ ဒါပေမယ့် မလ္လိကာက 'စိတ်မဆိုးကြနဲ့' လို့ ဩဝါဒ ပေးလိုက်သေးတယ်၊ မလ္လိကာဟာ အရှုံးထဲကနေ အမြတ်တွေ ရအောင် ထုတ်ယူနေတယ်၊ ချွေးမတွေကိုလည်း အရှုံးထဲက အမြတ်ရအောင် ထုတ်ယူကြဖို့ ညွှန်ကြားနေပါတယ်'

'စိတ်မဆိုးကြနဲ့' လို့ ညွှန်ကြားနေတဲ့ မလ္လိကာရဲ့ စကားလေးကို ကြားရတော့ စာရေးသူရဲ့ အတွေးထဲမှာ ပထမရွှေကျင်ဆရာတော်ကြီးရဲ့ ဩဝါဒစကားလေးတွေဟာ ဝင်ရောက်လာကြပါတယ်။

http://www.dhammadownload.com


- မသူတော်သည် မိမိကို မေတ္တာရှိသော သူတော်ကောင်းကို ပြစ်မှားနိုင်၏။
- သူတော်ကောင်းသည် မိမိကို မေတ္တာပျက်သော မသူတော်ကို ချစ်နိုင်၏။
- ရန်သူအစစ်ကို သိမှ ရန်အေးမည်၊ ခွေးသည် ပစ်သူကို မကိုက်၊ ခဲကို ကိုက်၍ ရန်မအေး။
- ခြင်္သေ့သည် ခဲကို မကိုက်၊ ပစ်သူကို ကိုက်၍ ရန်အေးသည်။
- မိမိ၏ ရှေးကံဆိုးကို ဖယ်၍ ရန်သူစစ် တခြားမရှာနှင့်။
- အမျက်ထွက်လာသူကို သည်းခံလျှင် နှစ်ဦးလုံး အကျိုးရှိ၏။
- အမျက်ထွက်သူကို အမျက်မထွက်သူ အမြဲနိုင်၏။
- ဆေးဆရာသည် လူနာနှင့်ပြိုင်၍ အသက်မထွက်ကောင်း။
- အကောင်းသည် အရူးနှင့်ပြိုင်၍ အဝတ်မလစ်ကောင်း။

http://www.dhammadownload.com


## ○ သူတော်ကောင်းသည် မသူတော်နှင့်ပြိုင်၍ ဒေါသမဖြစ်ကောင်း။

ကောသလမင်းရဲ့ သူလျှိုယောကျ်ားတွေက မလ္လိကာရဲ့ ဩဝါဒစကားကို ကြားရတော့ ကောသလမင်းထံ သွားပြီး သူတို့မှာ အပြစ်မရှိကြောင်းကို မင်းအား လျှောက်ထားကြတယ်။ ကောသလမင်းဟာ သံဝေဂရပြီး မလ္လိကာရဲ့နေရာကို သွားကာ မလ္လိကာကိုရော, ချွေးမတွေကိုပါ တောင်းပန်တယ်၊ မလ္လိကာအား ဆုပေးတယ်၊ 'ဆုကို ယူပြီးဖြစ်ပါစေ' လို့ မလ္လိကာက ပြောပြီး ကောသလမင်း ပြန်သွားတဲ့အခါ သေသူတို့ကို ရည်စူး၍ ဆွမ်း လှူဒါန်းတယ်၊ ရေချိုးပြီး ကောသလမင်းထံ သွားကာ ရှိခိုးပြီး 'အရှင်မင်းမြတ် . . . အရှင်မင်းမြတ်တို့က ကျွန်မအား ဆုပေးထားပါတယ်၊ ကျွန်မမှာလည်း အခြားဟာကို အလိုမရှိပါ၊ ကျွန်မကိုရော၊ ချွေးမတွေကိုပါ အိမ်ကို ပြန်ဖို့ ခွင့်ပြုပါ' လို့ ပြောတယ်။ မင်းက လက်ခံလို့ ပြန်သွားကြတယ်။

ဒီမှာ ကောသလမင်းဟာ သူ့မှာ အပြစ်ရှိကြောင်း သိတဲ့အခါ မလ္လိကာတို့ထံ ကိုယ်တိုင်

http://www.dhammadownload.com


သွားပြီး တောင်းပန်တယ်၊ ဒီလို တောင်းပန်တာ ကတော့ ကောသလမင်းရဲ့ အရည်အသွေးကောင်း တစ်ခုပါပဲ၊ ချီးကျူးစရာပါပဲ၊ မလ္လိကာလည်းသေသူ ကို ရည်စူးပြီး လှူဒါန်းတဲ့အလုပ်ကို လုပ်ခဲ့တာပါပဲ၊ အခုလည်း သေသူကို ရည်စူးပြီး ဆွမ်းလှူဒါန်း ဆက်ကပ်ကြတယ်၊ မလ္လိကာဟာအရှုံးထဲက အမြတ် ကို ရနိုင်သမျှ ရအောင် ထုတ်ယူနေတာပါပဲ။

မလ္လိကာဟာ မကောင်းတာတွေကို ရှောင် ရှားရဲတဲ့ သတ္တိ ရှိတယ်၊ ကောင်းတာတွေကို ဆောင် ပွားရဲတဲ့ သတ္တိရှိတယ်၊ မကောင်းတာတွေကို လုပ်ရဲ တဲ့ သတ္တိ မရှိဘူး၊ မကောင်းတဲ့နေရာမှာ သတ္တိ ကြောင်တယ်၊ ကောင်းတဲ့နေရာမှာ သတ္တိပြောင် တယ်၊ မလ္လိကာဟာ မကောင်းတဲ့နေရာမှာ သတ္တိ ကြောင်ခြင်းဖြင့် ကောင်းတဲ့နေရာမှာ သတ္တိပြောင် ခြင်းဖြင့် ဘဝရဲ့ ဖြစ်, အို, သေ ခေါ်တဲ့ အရှုံး ထဲက မဖြစ်, မအို, မသေရာသို့ ရောက်ကြောင်း ကောင်းမှုတွေကို ပြုလုပ်သွားတယ်၊ ဘဝရလာသူ တိုင်းဟာ အရှုံးထဲက အမြတ်ရအောင် မလ္လိကာလို ကိုယ်စီကိုယ်စီ ကြိုးစားကြရမှာ ဖြစ်ပါတယ်၊

http://www.dhammadownload.com


ကိုယ်စီကိုယ်စီ အရှုံးထဲက အမြတ်ရအောင် ကြိုးစား နိုင်ကြပါစေ’

ဆရာတော်ရဲ့ ဟောတရားကတော့ ဒီမျှ ပါပဲ၊ ဘဝမှာ အရှုံးနဲ့သာ နိဂုံးချုပ်ရမယ်ဆိုရင်တော့ အသုံးမကျတဲ့ ဘဝပဲ ဖြစ်နေပါလိမ့်မယ်၊ ဘဝရဲ့ အစမှ အဆုံးအထိ အရှုံးတွေနဲ့သာ ပြည့်နေခဲ့ရင် အနှစ်မပါ အကာအတိပြီးတဲ့ ဘဝကြီး ဖြစ်နေပါ လိမ့်မယ်၊ ဘဝထဲက အမြတ်ရအောင် ထုတ်ယူတတ် တဲ့ ပညာရှိသူတော်ကောင်းတွေကတော့ အရှုံးထဲက တောင် အမြတ်ရအောင် ထုတ်ယူကြပါသေးတယ်၊ အမြတ်မရတဲ့ အရှုံး မဖြစ်စေဘဲ အမြတ်ရတဲ့ အရှုံး ဖြစ်အောင် ဆောင်ရွက်တတ်ကြပါတယ်၊ သတ္တဝါ တွေမှာ အချိန်ရှိသမျှ အရှုံးတွေနဲ့ ရင်ဆိုင်နေကြရ ပါတယ်၊ ဘဝမှာ ဖြစ်လာကြပြီး မသေခင် တစ်အို တည်း အိုနေကြလေတော့ တစ်ရှုံးတည်း ရှုံးနေကြ တာပေါ့၊ ပညာရှိသူတော်ကောင်းတွေကတော့ အရှုံး သမားချည်း မဖြစ်စေဘဲ အမြတ်ရသမားလည်း ဖြစ်အောင် ဆောင်ရွက်တတ်ကြပါတယ်၊ အရှုံးထဲ မှာလည်း အမြတ်ကတော့ ရှိနေတာပါပဲ၊ မသိသူ

http://www.dhammadownload.com


တွေကတော့ ကျော်သွားကြပါတယ်၊ သိသူတွေက တော့ ဖော်ယူသွားကြပါတယ်၊ အရှုံးထဲက အမြတ် များများရအောင် ယူသွားတတ်ကြပါမှ အမြတ် ရတဲ့ အရှုံးသမားဖြစ်မယ် မဟုတ်ပါလား? အသုံး ကျတဲ့ အရှုံးသမား ဖြစ်မယ် မဟုတ်ပါလား ?

**သာမဏေကျော်**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
လှော်ကားဥယျာဉ်အနီး၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

F 3.8

http://www.dhammadownload.com

# သာမဏေကျော် ၏
## ထုတ်ဝေပြီးစာအုပ်များ


| စဉ် | စာအုပ်အမည် |
|---|---|
| ၁။ | ကြီးပွားချမ်းသာမယ် (ဒုတိယအကြိမ်) |
| ၂။ | ဆွမ်းအလှူ |
| ၃။ | ကျောင်းအလှူ |
| ၄။ | ဗုဒ္ဓသမီးထံသို့ |
| ၅။ | ဝါဆိုနှင့် ကထိန် (ဒုတိယအကြိမ်) |
| ၆။ | ကိုရင်ဝတ်ပြီးရင် |
| ၇။ | ဗုဒ္ဓ၏ တစ်နေ့တာလုပ်ငန်းစဉ် |
| ၈။ | တောင်ကိုရီးယားသို့ ဝိပဿနာခရီး |
| ၉။ | ကိုရင်လေးတို့ ဖတ်ဖို့ |
| ၁၀။ | ကြည်ညိုဖွယ်ရာ-အရှင်သာရိပုတ္တရာ (ဒုတိယအကြိမ်) |
| ၁၁။ | တရား ဘယ်လိုရှုမှတ်ရမလဲ (ဒုတိယအကြိမ်)<br>တရား ဘယ်လိုရှုမှတ်ရမလဲ (အင်္ဂလိပ်ဘာသာဖြင့်) |
| ၁၂။ | ဗုဒ္ဓသာသနာကွယ်ချိန် |
| ၁၃။ | ဗုဒ္ဓပေးခဲ့တဲ့ ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်) |

http://www.dhammadownload.com

၁၄။ အတုယူဖွယ်ရာ စိတ်ထားများ (ဒုတိယအကြိမ်)
၁၅။ ပန်းလေးတစ်ပွင့်
၁၆။ ကျောင်းသစ်၏ အရဏ်ဦး
၁၇။ ရဟန်းနှင့် စည်းကမ်း
၁၈။ လက်စွဲဝိပဿနာ
၁၉။ အိတ်ဆောင်ဝိပဿနာ
၂၀။ ဗုဒ္ဓသာသနာဝင်တို့ သိဖို့ လိုသည် (ဒုတိယအကြိမ်)
၂၁။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး
(ဒုတိယအကြိမ်)
၂၂။ ဘုရားဂုဏ်တော်နှင့် မဟာစည်ဆရာတော်
၂၃။ သောကမီးအတွက် ရေ (ဒုတိယအကြိမ်)
၂၄။ လူ့လက်စွဲ
၂၅။ ရွှေလား အမှိုက်လား
၂၆။ ယောဂီ ··· အားလျော့နေသလား
၂၇။ ဗုဒ္ဓသော်မှ
၂၈။ ဥပုသ်သည်
၂၉။ သိစေချင်ပါသည်
၃၀။ အလှူဒါန ပြုကြရာဝယ် (ဒုတိယအကြိမ်)
၃၁။ ယောဂီ
၃၂။ မဟာစည်ဆရာတော်ကြီး၏ အဆိုအမိန့်များ
၃၃။ နေမဝင်ခင် ရိက္ခာပြင်
၃၄။ မဟာဂန္ဓာရုံဆရာတော်၏
ပုံဝတ္ထုဖြင့် ပြောပြသော အဆုံးအမများ
၃၅။ မဟာစည်ဆရာတော်၏
ထူးခြားသော အတွေးအမြင်များ
၃၆။ မဟာဂန္ဓာရုံဆရာတော်၏ နံနက်ခင်းသြဝါဒများ

http://www.dhammadownload.com


၃၇။ လူပီသသူ
၃၈။ ဘုရားနဲ့စပ် အထူးမှတ်ဖွယ်
၃၉။ သို့သော်
၄၀။ တွေးမိတာလေးတွေ
၄၁။ ပြောချင်တာလေးတွေ
၄၂။ မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀
၄၃။ စကားကို ဘယ်လို ပြောရမယ်
၄၄။ မဟာစည်ဆရာတော်နှင့်
ယနေ့ခေတ် ဝိပဿနာရှုနည်းများ
မဟာစည်ဆရာတော်နှင့်
ယနေ့ခေတ် ဝိပဿနာရှုနည်းများ
(အင်္ဂလိပ်ဘာသာဖြင့်)
၄၅။ ရွှေလက်တွဲ၍
၄၆။ နှစ်ပေါင်း ၂၅၀၀ ကျော်က စကားမြတ်များ
၄၇။ သြော် မိတ်ဆွေ မိတ်ဆွေ
၄၈။ မဟာစည်ဆရာတော်နှင့် သတိပဋ္ဌာန်အတွေ့အကြုံ
မဟာစည်ဆရာတော်နှင့် သတိပဋ္ဌာန်အတွေ့အကြုံ
(အင်္ဂလိပ်ဘာသာဖြင့်)
၄၉။ မြတ်ဘုရား၏ သြဝါဒရေစင်များ
၅၀။ ပိဋကတ်တော်လာ သိမှတ်စရာ
၅၁။ ရင်မှာ ပွင့်သော ပန်းကလေးများ
၅၂။ မဟာဂန္ဓာရုံကန်တော့ပန်း
၅၃။ လောကဓံကို ကျော်ဖြတ်၍
၅၄။ သူတော်ကောင်းတို့၏ သတ္တိ
၅၅။ စကားပြောသော ကြို့ပင်
၅၆။ ဘုရားဥပဒေတော်

http://www.dhammadownload.com

၅၇။ မဟာစည်ဆရာတော်၏
ပုံဝတ္ထုဖြင့် ပြောပြသော အဆုံးအမများ
၅၈။ ဗုဒ္ဓ၏ ဘောဂဗေဒ
၅၉။ ၇ နှစ်အရွယ် ရဟန္တာကိုရင်လေးများ
၆၀။ အခက်အတွက် လက်နက်ကောင်း
၆၁။ ရဲရင့်ရင့် ရရိုးရှိ
၆၂။ ရှင်ရဟန်းဘဝသို့ သွားလမ်း
၆၃။ သိမ်
၆၄။ ပိဋကတ်ပင်လယ်ထဲက ဖြစ်ရပ်ဆန်းများ
၆၅။ ဗုဒ္ဓနှင့် တွေ့ဆုံခြင်း
၆၆။ မသိလို့ မေးပါရစေ
၆၇။ ဘဝထဲက အဘိဓမ္မာ
၆၈။ ပိဋကတော်လာ ဘုရားရှိခိုးများ
၆၉။ ပန်းရင် မွှေးမယ့် ပန်းအလှလေးများ
၇၀။ သတိပဋ္ဌာန်အပေါ် ပြည်ပယောဂီတို့အမြင်
၇၁။ ဒါကြောင့်လည်း မဟာဂန္ဓာရုံဆရာတော်ကို
ကြည်ညိုတယ်
၇၂။ သပြေကန်ဆရာတော်၏ အဆိုအမိန့်များ
သပြေကန်ဆရာတော်၏ အဆိုအမိန့်များ
(အင်္ဂလိပ်ဘာသာဖြင့်)
၇၃။ အရိယာတို့သဘော
၇၄။ အကាយ်၍
၇၅။ မြတ်ဗုဒ္ဓ၏ တိုက်တွန်းစကားများ
၇၆။ ကိုယ့်ကိုယ်ကို လေ့လာလေလေ
၇၇။ ပြောသာ ပြောနေကြပေမယ့်
၇၈။ မဟာစည်ဆရာတော်နှင့် ဒေါက်တာ ဦးလှဖေ

http://www.dhammadownload.com

၇၉။ အဖြူလမ်းက မှတ်တမ်းများ
၈၀။ ဝိပဿနာဟူသည်
ဝိပဿနာဟူသည် (အင်္ဂလိပ်ဘာသာဖြင့်)
၈၁။ ဝိပဿနာဉာဏ်နှင့် အမေရိကန်
၈၂။ အရှင်မဟာမောဂ္ဂလာန်
၈၃။ လူငယ်တို့အတွက် ဗုဒ္ဓအကြောင်း
၈၄။ နိဗ္ဗာန်ခရီးမှတ်တမ်း
၈၅။ အလှူကြီး ၅ လှူ
၈၆။ မြန်မာတို့နှုတ်ဖျားက ပါဠိစကားများ
၈၇။ ပစ္စေကဗုဒ္ဓါ
၈၈။ ကောင်းကင်ယံက ကံထူးရှင်များ
၈၉။ သန်းခေါင်ယံ ဓမ္မအလင်းများ
၉၀။ လူငယ်တို့အတွက် အလင်းတိုင်
၉၁။ ဗုဒ္ဓဟောကြား သတိပဋ္ဌာန်တရား
၉၂။ လှူမှုဝေ၍
၉၃။ ထင်ပေါ်ကျော်ကြား ဥပါသကာများ
၉၄။ ဒေါသ
၉၅။ ထင်ပေါ်ကျော်ကြား ဥပါသိကာမများ
၉၆။ သက်နှင်းအလှူ
၉၇။ ဆေးအလှူ
၉၈။ ယနေ့မှာ သာမဏေငယ်၊
နောင်ဝယ် ဆရာတော်ကြီး
၉၉။ မရောက်ပေမယ့် ရပါစေ
၁၀၀။ ရွှေသြဝါဒများ
၁၀၁။ ကိုရင်ဘဝ တစ်လတာ အတွေ့အကြုံ
၁၀၂။ အမေရိက ဓမ္မဒေသနာ

http://www.dhammadownload.com

၁၀၃။ ပြည်ပဓမ္မဒူတ ဓမ္မဂုဏ်ရည်ပြခရီး
၁၀၄။ ပြည်ပဝန်ဆောင်တို့၏
ဓမ္မဂုဏ်ရည်ပြ အတွေ့အကြုံများ
၁၀၅။ ရွှေတောင်ကုန်းဆရာတော် မေး၊
သပြေကန်ဆရာတော် ဖြေ
၁၀၆။ ရွှေတောင်ကုန်းဆရာတော်ကြီး၏ တစ်ဘဝတာခရီး
ရွှေတောင်ကုန်းဆရာတော်ကြီး၏ တစ်ဘဝတာခရီး
(အင်္ဂလိပ်ဘာသာဖြင့်)
၁၀၇။ ရွှေတောင်ကုန်းဆရာတော်ကြီး၏ အဆိုအမိန့်
ရွှေတောင်ကုန်းဆရာတော်ကြီး၏ အဆိုအမိန့်
(အင်္ဂလိပ်ဘာသာဖြင့်)
၁၀၈။ သောကဖြေဆေး
၁၀၉။ လက်လှမ်းမီ သာသနာ
၁၁၀။ ပဏ္ဍိတာရာမ ဓမ္မရောင်ခြည်
၁၁၁။ စင်္ကာပူ မလေးရှား တရားပန်းပွင့်များ
၁၁၂။ ကန့်လန့်ကာ နောက်ကွယ်က
၁၁၃။ မဟာစည်ဆရာတော် ပြောပြသော
သူ့အကြောင်းနှင့် သူတို့အကြောင်း
၁၁၄။ ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံသြဝါဒ
၁၁၅။ ရှင်ဘုရင်
၁၁၆။ လောကခံကို ရင်ဆိုင်နိုင်ဖို့ စွမ်းအားများ
၁၁၇။ ဝိနည်းမဟာဝါ ပါဠိသိက္ခာ
၁၁၈။ ဓမ္မပဒ ပါဠိသိက္ခာ
၁၁၉။ စူဠဝါ ပါဠိသိက္ခာ
၁၂၀။ ပရိဝါ ပါဠိသိက္ခာ
၁၂၁။ The Requisites of Freedom
၁၂၂။ သူတို့ မေး၍ ဖြေပေးရသည်

http://www.dhammadownload.com

# သာမဏေကျော် ၏
## နောက်ထွက်လာမည့် စာအုပ်များ

| စဉ် | စာအုပ်အမည် |
|---|---|
| ၁။ | ပါရာဇိကဏ် ပါဠိသိက္ခာ |
| ၂။ | ပါစိတ် ပါဠိသိက္ခာ |
| ၃။ | ပါစိတ်၊ စူဠဝါ၊ ပရိဝါ ဆိုင်ရာ လက်ာများ |
| ၄။ | မဟာဝါ အဖြေလက်ာ |
| ၅။ | ပါရာဇိကဏ်ဆိုင်ရာ အဖြေလက်ာ |
| ၆။ | ဝိနည်းမဟာဝါ ပါဠိသိက္ခာအတွက် အဘိဓာန် |
| ၇။ | စက္ခုပါလဗ္ဗေရဝတ္ထုအတွက် ပါဠိသိက္ခာ |
| ၈။ | ဗုဒ္ဓဝင် ပါဠိသိက္ခာ |
| ၉။ | သောကဝေးရာဆီ |
| ၁၀။ | လူသိများတဲ့ ဗုဒ္ဓစကားများ |
| ၁၁။ | ရဟန်း ဥပဒေ |
| ၁၂။ | ရဟန်းမ ဥပဒေ |
| ၁၃။ | အိပ်မက် |
| ၁၄။ | ပရိဝါအတွက် ပါဠိသိက္ခာ |

http://www.dhammadownload.com


၁၅။ ဓမ္မပဒ အဋ္ဌကထာအတွက် ပါဠိသိက္ခာ

၁၆။ ဝိနည်းမဟာဝါအတွက် ပါဠိသိက္ခာ

၁၇။ စူဠဝါအတွက် ပါဠိသိက္ခာ

၁၈။ ပါစိတ်အတွက် ပါဠိသိက္ခာ

၁၉။ ပါရာဇိကဏ်အတွက် ပါဠိသိက္ခာနှင့် နိဿယ

၂၀။ ပါဠိတော်တို့အတွက် ပါဠိသိက္ခာ

၂၁။ ဓမ္မလက်ဆောင်

၂၂။ အဖေနှင့် သားကြီးများ

၂၃။ ကျောက်ကုန်းမြေမှာ ပွင့်တဲ့ကြာ

၂၄။ အိပ်ဆောင်ဘုရားဂုဏ်တော်

၂၅။ အိပ်ဆောင်ပဋိစ္စသမုပ္ပါဒ်

၂၆။ တရားဦး နှစ်ပုဒ်

၂၇။ ထင်ပေါ်ကျော်ကြား ရဟန်းမများ


## ဆက်သွယ်ရန်


- ၀၉ ၂၀၁၉၀၆၆
- ၀၉ ၇၃၀၈၂၃၆၉
- ၀၉ ၇၃၂၄၉၉၅၇